## အလုပ်ရှင် /သူဌေးရှိပြီးလုပ်သားများ





**အလုပ်သမားဝန်ကြီးဌာန**
**ဇန်နဝါရီလ ၁၅ မှဖေဖေါ်ဝါရီလ ၁၃ ရက်နေ့အထိ**

ရွှေ့ပြောင်းလုပ်သားများသည် အလုပ်သမား ဝန်ကြီးဌာန www.e-workpermit.doe.go.th မှတဆင့် ကိုယ်ရေးအချက်အလက်များ တင်သွင်းခြင်း

- အလုပ်ရှင်သူဌေးက ရွှေ့ပြောင်းလုပ်သားများ၏ ကိုယ်ရေးအချက်အလက်များ တင်သွင်းရာတွင် ရွှေ့ပြောင်းလုပ်သားများ၏ ဓာတ်ပုံနှင့် အလုပ်သမားကဒ်အတွက် ငွေပေးချေထားသည့် ပြေစာနံပါတ်ပါ ထည့်သွင်းဖေါ်ပြရမည်။





**မေ ၁၆ – ၂၀၂၁ ရက်နေ့အထိ**
**ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာန**

ကျန်းမာရေး စစ်ဆေးခံယူပြီး၊ ကျန်းမာရေးအာမခံလက်မှတ်ရယူခြင်း

ကိုဗစ်-၁၉ စစ်ဆေးစမ်းသပ်မှု အပါအဝင် ကျန်းမာရေး စစ်ဆေးခနှင့် ကျန်းမာရေးအာမခံလက်မှတ် ဝန်ဆောင်ခ

- သာမန် လုပ်သား ဘတ် – ၇၂၀၀
- လှေလုပ်သား ဘတ် – ၇၃၀၀

ရွှေ့ပြောင်းအလုပ်သမားများ ဆရာဝန်လက်မှတ် နှင့် ကျန်းမာရေးအာမခံလက်မှတ် လက်ခံရယူ။

**အလုပ်သမားဝန်ကြီးဌာန**
**ဇွန်လ ၁၆ ၂၀၂၁ ရက်နေ့အထိ**

ရွှေ့ပြောင်းလုပ်သားများ အလုပ်သမားဝန်ကြီးဌာနဝဘ်ဆိုက်ဒ် www.e-workpermit.doe.go.th မှတဆင့် အလုပ်သမားကဒ် လျှောက်လွှာတင်သွင်းခြင်း

- အလုပ်ရှင်က ဘတ် ၁၉၀၀ ကို ၇-၁၁ စတိုးဆိုင်တွင် ဖြစ်စေ၊ ကရုန်းထိုင်းဘဏ် (KTB) မှတဆင့် ငွေလွှဲပေးနိုင်သည်။
- အလုပ်ရှင်က အလုပ်သမားကဒ် လျှောက်လွှာတင်ပေးရမည်။ ဆရာဝန်ဆေးလက်မှတ်နှင့်အတူ ငွေရှင်းပြီးကြောင်းပြေစာပါ ပူးတွဲတင်ပြရမည်။
- ပန်းရောင်အလုပ်သမားကဒ် လျှောက်ထားရာတွင် ကဒ်နံပါတ်ပါ ရိုက်ထည့်ရမည်။
- အလုပ်သမားရှာဖွေရေးရုံးမှ အဖွဲ့သားများက ယင်းအချက်အလက်များကို သက်ဆိုင်ရာ ခရိုင်အုပ်ချုပ်ရေးရုံးသို့တင်ပြရမည်။

**ပြည်ထဲရေး ဝန်ကြီးဌာန**
**နိုဝင်ဘာလ ၁၂ , ၂၀၂၁ ရက်နေ့အထိ**

အလုပ်သမားကဒ် လျှောက်ထားရေးစီစဉ်ခြင်း

- အလုပ်ရှင်သူဌေး နှင့် အလုပ်သမားတို့ဝေါ့ပါမစ် ယူဆောင်ပြီး ထောရော ၃၈/၁ ပုံစံ မှတ်ပုံတင်ရမည်။
- ပန်းရောင်ကဒ်ကို ခရိုင်အုပ်ချုပ်ရေးရုံးတွင်ဖြစ်စေ ဘန်ကောက် ပင်မရုံးတွင်ဖြစ်စေ ရယူနိုင်သည်။

**ဝန်ဆောင်ခ**

မှတ်ပုံတင် အခကြေးငွေ ဘတ် – ၂၀ ။ ပန်းရောင်ကဒ်ဘတ် – ၆၀။


**No. 1/5 Ameena Uthit Road.**
**Mae Sot, Tak, 63110 ✆ 055 536 685**
**Chiang mai✆ 053 328 134**
www. mapfoundationcm.org
media@mapfoundationcm.org


Printed: January 2021





# ထိုင်းနိုင်ငံအတွင်း ရွှေ့ပြောင်း လုပ်သားများစီမံကွပ်ကဲရေးလမ်းညွှန်





**လယ်ယာစိုက်ပျိုးရေး ဝန်ကြီးဌာန**
**လှေလုပ်ငန်း**

- ရွှေ့ပြောင်းလှေလုပ်သားများသည် ထိုင်းလှေလုပ်ငန်းဌာနမှ သတ်မှတ်ထားသည့် ဥပဒေအတိုင်း လုပ်ငန်းများလုပ်နိုင်သည်။
- သင်္ဘောမောင်းနှင်ခွင့် လိုင်စင်စာအုပ် ဘတ် – ၁၀၀ ဆောင်ရမည်။

## အလုပ်ရှင်မရှိသေးသော လုပ်သားများ

**အလုပ်သမားဝန်ကြီးဌာန**
**ဇန်နဝါရီလ ၁၅ မှ ဖေဖေါ်ဝါရီလ ၁၃ ရက်နေ့အထိ**

ရွှေ့ပြောင်းလုပ်သားများသည် အလုပ်သမား ဝန်ကြီးဌာန www.e-workpermit.doe.go.th မှတဆင့် ကိုယ်ရေးအချက်အလက်များ တင်သွင်းခြင်း








**ရွှေ့ပြောင်းလုပ်သားများ တင်သွင်းထားသည့် အချက်အလက်များကို အလုပ်သမားရှာဖွေရေးဌာနမှတစ်ဆင့် စီစစ်ပြီး**

- ဓာတ်ပုံ နှင့်တကွ ရွှေ့ပြောင်းလုပ်သားတို့၏ ကိုယ်ရေးအချက်အလက် ဖြည့်စွက်ထားသည့်ပုံစံကို ပြည်သူ့ကျန်းမာရေးဌာနသို့ပေးပို့ရမည်။
- ကျန်းမာရေး စစ်ဆေးပြီးလျှင် ခရိုင်အုပ်ချုပ်ရေးရုံးက အလုပ်သမားကဒ် ထုတ်ပေးဖို့ စီစဉ်ဆောင်ရွက်ပေးမည်။ ထောရော ၃၈/၁ ပုံစံ ထုတ်ပေးပါမည်။

## ကျန်းမာရေးစစ်ဆေးမှုခံယူခြင်း



**ပြည်သူ့ကျန်းမာရေး ဝန်ကြီးဌာန**
**ဧပြီလ ၁၆ ရက်နေ့အထိ**
**ကျန်းမာရေး စစ်ဆေးမှုခံယူခြင်း/ကျန်းမာရေးအာမခံ လက်မှတ် လျှောက်ထားခြင်း**

ကိုဗစ် – ၁၉ ရောဂါပိုးစစ်ဆေးခြင်း နှင့် တားမြစ်ထားသော ရောဂါ ၆ မျိုး စစ်ဆေးရန်

- တားမြစ်ထားသော ရောဂါ (၆) မျိုး စစ်ဆေးရန်အတွက် တနှစ်လျှင် ဘတ် ၅၀၀ ၊ ၂ နှစ် ဘတ် ၁၀၀၀။
- ကိုဗစ်–၁၉ ပိုးစမ်းသပ်စစ်ဆေးခ ဘတ် ၃၀၀၀။
- ကျန်းမာရေး အာမခံလက်မှတ် ၂ နှစ်စာ ဘတ် ၇၂၀၀။

**ပြည်ထဲရေးဝန်ကြီးဌာန**
**ဇွန်လ ၁၆ ရက်နေ့အထိ**
**ထောရော ၃၈/၁ ပုံစံ လျှောက်ထားခြင်း**



- ထောရော ၃၈/၁ ပုံစံသည် ထိုင်းနိုင်ငံသား မဟုတ်သည့် ပြည်ပမှ လာရောက်သည့် လုပ်သားများသည် ခရိုင်အုပ်ချုပ်ရေးရုံး နှင့် ဘန်ကောက်ပင်မ အုပ်ချုပ်ရေးရုံးတွင် လျှောက်ထားနိုင်သည်။

**ဈေးနှုန်းသတ်မှတ်ချက်**

- လျှောက်လွှာပုံစံ ဘတ် –၂၀ ။ ပန်းရောင်ကဒ် ဘတ် ၆၀။

**စက်တင်ဘာ ၁၃, ၂၀၂၂ နေ့အထိ နောက်ဆုံးထားပြီး ရွှေ့ပြောင်းလုပ်သားများ အလုပ်ရှင်ရှာရန်နှင့်ဝေါ့ပါမစ်လျှောက်လွှာတင်သွင်းရမည်။**

## အလုပ်လုပ်ခွင့်ဝေါ့ပါမစ်လျှောက်ထားခြင်း





**အလုပ်သမားဝန်ကြီးဌာန**
**စက်တင်ဘာ ၁၃ ရက်နေ့အထိ**

အလုပ်လုပ်ခွင့် ဝေါ့ပါမစ်ကို အလုပ်သမားဝန်ကြီးဌာန ဝဘ်ဆိုဒ် www.e-workpermit.doe.go.th မှတဆင့် လျှောက်ထားခြင်း

- အလုပ်ရှင်က လုပ်သားများ၏ အမည် ၊ ဓာတ်ပုံ ၊ ကိုယ်ရေးအချက်အလက် ဖြည့်စွက်ထားသည့်ပုံစံ တင်သွင်းရမည်။
- အလုပ်ရှင်က ၇–၁၁ စတိုးတွင်ဖြစ်စေ ကရုန်းထိုင်းဘဏ် (KTB) တွင်ဖြစ်စေ ငွေပေးချေနိုင်သည်။
- အလုပ်သမားကဒ် လျှောက်ထားရာတွင် ကျန်းမာရေးလက်မှတ် နှင့် ကျသင့်ငွေ ပေးချေပြီးကြောင်း ပြေစာပါ ပူးတွဲတင်ပြရမည်။
- ယင်းကိုယ်ရေးအချက်အလက်များ ဖြည့်စွက်ထားသည့် အလုပ်သမားလျှောက်ထားလွှာပုံစံကို အလုပ်သမားရှာဖွေရေးဌာနမှတစ်ဆင့် ခရိုင်အုပ်ချုပ်ရေးရုံးသို့ ပေးပို့ရမည်။

**စိုက်ပျိုးရေးဝန်ကြီးဌာန**
**လှေလုပ်သားဌာနခွဲ**

- ရွှေ့ပြောင်းလှေလုပ်သားများသည် ထိုင်းလှေလုပ်သားဌာနခွဲက သတ်မှတ်ထားသည့်အတိုင်း ပင်လယ်လုပ်ငန်းများ လုပ်နိုင်သည်။
- ငါးဖမ်းသင်္ဘောမောင်းနှင်ခွင့် လိုင်စင်စာအုပ် ဘတ် – ၁၀၀။

